Legal Aid Network

ဥပဒေ အထောက်အကူပြုကွန်ရက်

Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

## ကေအဲန်ယူ ဥက္ကဌ စောမူတူးဆေးဖိုး၏ ထုတ်ပြန်ချက် နှင့် အင်တာဗျူးအပေါ် ဥပဒေစိုးမိုးရေး ရှုထောင့်မှ သုံးသပ်ခြင်း။

၂၀၂၁ ခုနှစ် မေလ ၁၀ ရက်နေ့ တွင် ကေအဲန်ယူ ဥက္ကဌ စောမူတူးဆေးဖိုးက ထုတ်ပြန်ချက် တခု ထုတ်ကာ ဘီဘီစီ၏ မေးခွန်းများကို ဖြေကြားခဲ့သည်။[1] ၎င်းက NCA မူဘောင်များအတိုင်း ဆက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းဖြင့် မဖြေရှင်းဘဲ တွေ့ ဆုံဆွေးနွေးသည့် နည်းဖြင့်ဖြေရှင်းသင့်ကြောင်းဖြင့် ထုတ်ပြန်ခဲ့သည်။ ထို့အပြင် သမိုင်းတွင် မွန် မြန်မာ စစ်ပွဲ၊ ဒုတိယ ကမ္ဘာစစ်အတွေ့ အကြုံများအား ကိုးကား၍ စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းအားဖြင့် ရှုံးတဲ့သူက မကြေနပ်သဖြင့် ပြန်တိုက်ကြကြောင်းဖြင့် ဘီဘီစီ အင်တာဗျူးတွင် ပြောကြားသွားခဲ့သည်။ ယင်းတို့ နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းသုံးသပ်အပ်ပါသည်။

၁။ NCA သည် စာချုပ်တရပ်တွင် ဥပဒေအရရှိသင့်သော အင်္ဂါရပ်များနှင့် မပြည့်စုံ၊ နိုင်ငံတကာ ဥပဒေအရ လိုအပ်ချက်များနှင့်လည်း မကိုက်ညီ၊ ဥပဒေစိုးမိုးရေးနှင့် ဆန့်ကျင်ရုံမက ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေအသက်မဝင်တော့၊ လိုက်နာကျင့်သုံးစရာ မလိုတော့သည့် အခြေခံတွင် ပျက်ပြယ်ခဲ့ပြီ ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပြီး ဖြစ်သည်။[2] စောမူတူးဆေးဖိုးသည် NCA အား နိုင်ငံတကာ ဥပဒေ၊ ပြည်တွင်းဥပဒေ၊ ဖွဲ့ စည်းပုံအခြေခံဥပဒေ နှင့် ဥပဒေစိုးမိုးရေးအခြေခံများမှနေ၍ နားလည်နိုင်စွမ်းမရှိပါ။ နိုင်ငံရေးပြဿနာကို ဥပဒေနှင့် ဆက်စပ်စဉ်းစားနိုင်စွမ်းအလျဉ်းပင်မရှိ။ မင်းအောင်လှိုင်ခေါင်းဆောင်သည့် စစ်အုပ်စု က နိုင်ငံတကာ အဆင့်ပြစ်မှုကြီးများ ဆက်တိုက်ကျူးလွန်ခဲ့ခြင်းကြောင့် နိုင်ငံရေးပြဿနာအနေဖြင့် မှတ်ယူ၍ မရတော့ကြောင်း နားလည်နိုင်စွမ်းမရှိ။

၂။ စောမူတူးဆေးဖိုး ဦးဆောင်ကာ ကေအဲန်ယူက အပစ်ရပ်စာချုပ်မှစ၍ NCA ကို လက်မှတ်ရေးထိုးဆွေးနွေးခဲ့သည့် လွန်ခဲ့သော ၁၀ ခန့် နီးပါးကြာ ကာလအတွင်း မည်သည့် နိုင်ငံရေးပြဿနာ ကိုမျှ ရှင်းနိုင်ခြင်းမရှိခဲ့။ ၎င်းဦးဆောင်သော ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့ သည် နေပြည်တော်သို့ ချောင်းပေါက်မတတ်သွားခဲ့ကြသည်။ အခြားနိုင်ငံရေးအခွင့်အရေးများကိုထားပါဦး၊ ကေအဲန်ယူ က နည်းလမ်းတကျ အတည်ပြုထားသည့် မြေယာမူဝါဒလမ်းစဉ် အနက်မှ ဝါကျတကြောင်းမျှကိုပင် ဥပဒေ အဖြစ်သို့ ပြောင်းလဲ နိုင်ခဲ့ခြင်းမရှိ။ မင်းအောင်လှိုင်၏ အတိုင်းထက်အလွန် ရင်းနီးမှုပြခံရသည့် အပေါ်တွင်သာ တလျှောက်လုံးကြေနပ်နေခဲ့သူ ဖြစ်သည်။မြန်မာစစ်တပ်က ကရင်လူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုကြီးများ ကျူးလွန်ခဲ့

[1] https://www.facebook.com/BBCnewsBurmese/videos/559620638759147/

[2] https://drive.google.com/file/d/1JbIy3dBA119uv11MsUpTBX4Dknhm8mQi/view?usp=sharing

သော်လည်း မည်သည့်အခါကမျှ ကန့်ကွက်ခဲ့သူမဟုတ်။ ဥပဒေစိုးမိုးရေးကို တလျှောက်လုံး မျက်ကွယ်ပြုခဲ့သည်။

၃။ စောမူတူးဆေးဖိုးသည် သမိုင်းဖြစ်ရပ်များကိုလည်း မှားယွင်းစွာ သုံးသပ်ခဲ့သည်။ သမိုင်းတွင် စနစ်ကြောင့် ဖြစ်ပွားသည့် ပဋိပက္ခများကို နားမလည်။ မွန် နှင့် မြန်မာ စစ်ပွဲများ ဖြစ်ပွားခဲ့ရခြင်းမှာ ပဒေသရာဇ်စနစ်ကြောင့် ဖြစ်သည်။ ယနေ့အချိန်တွင် စောမူတူးဆေးဖိုး ပြောသလို မွန် နှင့် မြန်မာ တို့အကြားတွင် အထက်ပါ သမိုင်းကြောင်းအပေါ်အခြေခံ၍ လူတမျိုးက အခြားတမျိုးကို မကြေနပ်မှုများ မရှိ။ ပထမနှင့် ဒုတိယ ကမ္ဘာ စစ်ကြီးများ ဖြစ်ပွားခဲ့ရာတွင်လည်း နယ်ချဲ့စနစ်ကြောင့်ဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးရရှိရန်အတွက် စနစ်ဆိုးများကို ဆန့်ကျင်တိုက်ဖျက်ရသည်။ စနစ်ဆိုးများအားမကျင့်သုံးသည့် နိုင်ငံများအစိုးရများနှင့်မူ ဆွေးနွေးသည့် နည်းကိုကျင့်သုံးနိုင်သည်။ စနစ်ဆိုးများအား ကျင့်သုံးသည့် နိုင်ငံများနှင့် အစိုးရများအား စစ်ပွဲများ ဆင်နွှဲတိုက်ခိုက်ကာ ငြိမ်းချမ်းမှု တည်ဆောက်ခဲ့ရသည်များ ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ် စနစ်ကို ကျင့်သုံးခဲ့သည့် ဂျာမနီ၊ ဂျပန် နှင့် အီတလီတို့အား မဟာမိတ်နိုင်ငံများက တိုက်ခိုက်ချေမှုန်းပြီး အနိုင်ရခဲ့ကြသည်။ စစ်ရှုံးနိုင်ငံများတွင် ဖက်ဆစ်စနစ် မရှိတော့သဖြင့် ဥပဒေစိုးမိုးရေး တည်ဆောက်ခွင့် ရသွားခဲ့ကြသည်။

၄။ သို့ဖြစ်၍ စစ်ရှုံးသွားခဲ့သော နိုင်ငံများသည် စစ်နိုင်သွားသော နိုင်ငံများအားထိုကဲ့သို့စစ်ရှုံးခဲ့သည့် အပေါ်မူတည်၍ ယနေ့အချိန်တွင် ပြန်လည်လက်စားချေတိုက်ခိုက်ရန် ပြင်ဆင်ကြိုးပမ်းမှု များ အလျဉ်းပင် မတွေ့ရ။ စောမူတူးဆေးဖိုးသည် ကေအဲန်ယူဥက္ကဋ္ဌ နေရာကို သုံးကာ တပြည်လုံးရှိလူထုများအားမှားယွင်းပြီး ဥပဒေစိုးမိုးရေးကို ဆန့်ကျင်သည့် သမိုင်းနိဂုံးချုပ်ချက်များပေးနေသည်။ မင်းအောင်လှိုင်ခေါင်းဆောင်သည့် စစ်အုပ်စုသည် ဖက်ဆစ်ထက်ပင် ပို၍ဆိုးကာ အကြမ်းဖက် အဖွဲ့ (Terrorist Organization) အဆင့်သို့ကျဆင်းသွားပြီဖြစ်သည်။ ဖက်ဆစ်ထက်ပိုဆိုးသော အကြမ်းဖက် အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးကာ ဥပဒေစိုးမိုးရေးအခြေခံတွင် ငြိမ်းချမ်းမှု ရှာဖွေနိုင်ခဲ့သည့် နိုင်ငံ ကမ္ဘာပေါ်တွင် တနိုင်ငံမျှ မရှိ။

၅။ ငြိမ်းချမ်းရေးကို စောမူတူးဆေးဖိုးက စခဲ့သည် ဟူ၍ ၎င်း၏ ကိုယ်ရေးအရာရှိဖြစ်သူက ပြောဆိုသွားခဲ့ခြင်းမှာ လုံးဝမှန်ကန်မှုမရှိပါ။ ၁၉၅၅ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီက ၅၅ လမ်းစဉ်ဟု လူသိများသော ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ်ကို ဖော်ထုတ်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ပမညတ ကလည်း ပြည်တွင်းစစ် မုချ ရပ်စဲစေရမည် ဟု ကြွေးကြော်လှုပ်ရှားခဲ့သည်။ ၁၉၅၇ မှစပြီးနောက်ပိုင်း ဦးဆောင်လှုပ်ရှားခဲ့မှုများကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား တော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် လူထုအများစုကြီးက ငြိမ်းချမ်းရေးဖခင်ကြီး အဖြစ်ကင်ပွန်းတပ်ခဲ့ကြသည်။ ထိုစဉ်က တက်နေသော ဖဆပလ အစိုးရက စစ်မှန်သောငြိမ်းချမ်းရေးကို ဦးမတည်ဘဲ လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေးကို ကျင့်သုံးခဲ့သည်။ ခုခံစစ်ဆင်နေသော အဖွဲ့များကို လက်နက်ချခိုင်းခဲ့ပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလှုပ်ရှားမှုများ ချုပ်ငြိမ်းခဲ့ရသည်။ စောမူတူးဆေးဖိုးသည် ကေအဲန်ယူအား လက်နက်ချခိုင်းမည့် ဘက်ကို တွန်းပို့နေသည်။

၆။ ၁၉၆၃ ခုနှစ်ဇွန်လ (၁၁) ရက်နေ့တွင် တော်လှန်ရေးကောင်စီက ပြည်တွင်းငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရေးအတွက် ဆွေးနွေးပွဲများကို ဖိတ်ခေါ်ခဲ့သည်။ ထိုအခါ ကေအဲန်ယူ ဥက္ကဋ္ဌ မန်းဘဇံ နှင့် အခြားကေအဲန်ယူခေါင်းဆောင်များသည် အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု (မဒညတ) ၏ အခြားခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အချက် (၁၂) ကို တင်ပြခဲ့သည်။[3] နောက်ပိုင်းတွင် အာဏာသိမ်းစစ်ခေါင်းဆောင်များ၏ နိုင်ငံရေးအရ မရိုးသားမှုများကြောင့် ပျက်ပြားခဲ့ရသည်။ ပြည်တွင်းစစ် နှစ် ၇၀ သမိုင်းကိုကိုင်ပြီးပြောဆိုနေသော စောမူတူးဆေးဖိုးသည် ပြည်တွင်း

[3] ဝင်းတင့်ထွန်း၊ အမှောင်ကြားက ဗမာပြည်၊ အနီးခေတ် ဗမာပြည်နိုင်ငံရေး လှုပ်ရှားမှု သမိုင်းအကျဉ်း၊ (၁၉၄၈ -၂၀၀၀) လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (ပြန်ကြားရေးဌာန) က ၂၀၀၇ ခုနှစ် မေလ (၁) ရက်နေ့တွင် ထုတ်ဝေသည်၊ စာ ၃၄၈ မှ ၃၄၉။

ငြိမ်းချမ်းရေးရှာဖွေရန် ကြိုးစားခဲ့ကြသည့် နိုင်ငံရေးအင်အားစုများ၊ ထိုစဉ်က ကေအဲန်ယူ အပါအဝင် နိုင်ငံရေးခေါင်းဆောင်များ၏ ကြိုးပမ်းခဲ့မှုများအား အလျဉ်းပင် ထည့်သွင်းပြောဆိုခဲ့ခြင်းမရှိ။

၇။ ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီးတွင် ကရင်ပြည်နယ် မာနယ်ပလော လွတ်မြောက်ဒေသကို ဗဟိုပြုလျက် ကေအဲန်ယူ ဥက္ကဌကြီး ဗိုလ်ချုပ်ကြီး စောဘိုမြခေါင်းဆောင်ကာ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (မဒမခ) ကို ဖွဲ့စည်းကာ အားကောင်းကောင်းဖြင့် တော်လှန်စစ်ဆင်နွှဲခဲ့သည်။ ထိုစဉ် ကပင် ၁၉၉၀ ခုနှစ်တွင် မဒမခ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အတွက် ရန်သူနှင့် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သည်။ ၁၉၆၃ ခုနှစ်ကကဲ့သို့ပင် အာဏာသိမ်းစစ်ခေါင်းဆောင်များ၏ နိုင်ငံရေးအရ မရိုးသားမှု နှင့် သပ်ရှိ ဖြိုခွဲမှု များကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ပျက်ပြားခဲ့ရသည်။

၈။ ၁၉၈၈ မှ ၁၉၉၄ ခုနှစ်အတွင်း တပ်ပေါင်းစုနိုင်ငံရေး လှုပ်ရှားမှုများအားကောင်းခဲ့စဉ် စောမူတူးဆေး ဖိုး သည် တပ်မဟာမှူး အဆင့်မျှသာ ရှိခဲ့သည်။ တပ်ပေါင်းစု၏ ထိပ်ပိုင်း နိုင်ငံရေးခေါင်းဆောင် အဆင့်သို့ မည်သည့်အခါကမျှမရောက်ခဲ့။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရရှင်းရန် အသံကုန် အော်နေသော စောမူတူးဆေးဖိုးတွင် နိုင်ငံရေးအတွေ့အကြုံ အနည်းအကျဉ်းမျှသာ ရှိခဲ့သည်။ ၎င်းသည် ငြိမ်းချမ်းရေးကို စတင်ခဲ့သူမဟုတ်။ ဥပဒေစိုးမိုးရေးကို ဆန့်ကျင်သော NCA စာချုပ်အား ဦးဆောင်လက်မှတ်ရေးထိုးခဲ့သူ သာ ဖြစ်သည်။ NCA စာချုပ်အောက်တွင် ကရင်လူထု ခံစားခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုကြီးများ အတွက် စောမူတူးဆေးဖိုးသည် ထိပ်ဆုံးက တာဝန်ရှိသည်။

၉။ စောမူတူးဆေးဖိုးသည် ကရင်အမျိုးသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးအတွက် လက်နက်ကိုင် ခုခံစစ်ကို ဦးဆောင်ဆင်နွှဲခဲ့သော စောဘဦးကြီး၊ မန်းဘဇံ၊ ဗိုလ်ချုပ်ကြီးစောဘိုမြ၊ ဖဒိုစောဘသင်၊ ဗိုလ်ချုပ် ကြီးတာမလာဘော၊ ဖဒိုမန်းရှာ အစရှိသည့် ကရင်အမျိုးသား ခေါင်းဆောင်ကြီးများ၏ တော်လှန်ရေးသစ္စာ ကို ချိုးဖောက်သူဖြစ်သည်။ လက်ရှိ ဒုတိယဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲ ဦးဆောင်ဆင်နွှဲလျက်ရှိသော ခုခံစစ်ကို ရိုက်ချိုးရန် ကြိုးပမ်းသူဖြစ်သည်။ ကေအဲန်ယူ အလုပ်အမှုဆောင်ဟောင်း မန်းငြိမ်းမောင်က စစ်ကောင်စီအောက်ကို ဝင်ရောက်ခိုလှုံပြီး တိုင်းရင်းသားပေါင်းစုံလူထုများအပေါ် ဥပဒေစိုးမိုးရေးကို ဆန့် ကျင်မှုပေါင်းစုံလုပ်နေသည်။ စောမူတူးဆေးဖိုးသည် စစ်ကောင်စီအောက်ကို တိုက်ရိုက်မဝင်သော်လည်း စစ်ကောင်စီအား သွယ်ဝိုက်ပြီး အားပေးအားမြှောက်ပြုနေသည်။ စစ်ကောင်စီ က လက်ရှိ ကျူးလွန်လျက် ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုကြီးများအား ပိုမိုကျူးလွန်ခွင့်ရအောင် ပံ့ပိုးပေးလျက်ရှိသည်။

**ဥပဒေအထောက်အကူပြုကွန်ရက်** **မေလ (၁၁) ရက် ၂၀၂၁ခုနှစ်။**

**အသေးစိတ်သိရှိလိုလျှင် ဆက်သွယ်ရန်**


Mr. Aung Htoo, M.A (Human Rights) R.L., Human Rights Lawyer
Program on Teaching Human Rights Law, Columbia University, New York, USA.
Founder of Legal Aid Network (LAN) and Principal of Federal Law Academy
E.mail: legalaidnetwork@gmail.com
Website: legalaidnetwork.org
Tel: (46) 76 1156 215

Mr. Adalgiso Montinari: M.A Conflict Studies and Human Rights, University of Utrecht, The Netherlands.
Senior Researcher & Program Facilitator - Legal Aid Network (LAN)
E.mail: legalaidnetwork@gmail.com

Mr. Kyaw Kyaw, B.Sc (Geology)
Strategy & Policy Consultant
Legal Aid Network (LAN)
E.mail: kyawkyaw@legalaidnetwork.org

Ms. Lu Awng (LL.B, B.A Com Arts)
Advocacy Coordinator, Legislative Assemblies
Legal Aid Network (LAN)
Email: lu.awng@legalaidnetwork.org

Ms. Ja Nu Pan (LL.B, LL.M, Ph.D)
Advocacy Coordinator for Legal and Constitutional Campaign
Legal Aid Network (LAN)
E.mail: janupan@legalaidnetwork.org

Mr. Lahpai Naw San (LL.B, D.L)
Advocacy Coordinator to Ethnic Resistance Organizations
Legal Aid Network (LAN)
E.mail: lahpai.nawsan@legalaidnetwork.org

Ms. Roi San Awng (LL.B, DBL, DML)
Advocacy Coordinator to National Legal Communities
Legal Aid Network (LAN)
E.mail: roisanawng@legalaidnetwork.org